# MCF နဲ့ CIESF တို့ ပူးပေါင်းပြုလုပ်တဲ့ IT business plan ပြိုင်ပွဲ





Myanmar Computer Federation (MCF) နဲ့ ဂျပန်နိုင်ငံ CIESF တို့ ပူးပေါင်းပြီး IT industry ဖွံ့ဖြိုးတိုးတက်လာဖို့နဲ့ mobile telecommunication နဲ့ သက်ဆိုင်တဲ့ ဆန်းသစ်တဲ့ နည်းပညာတွေ ပေါ်ထွက်လာဖို့ ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ IT business plan ပြိုင်ပွဲကို ကျင်းပမှာ ဖြစ်တယ်လို့သိရပါတယ်။

ဒီပွဲနဲ့ပတ်သက်ပြီး စာနယ်ဇင်းရှင်းလင်းပွဲကို ဩဂုတ်လ ၂ ရက်နေ့က MyanmarInfo Tech ၊ ပင်မဆောင်မှာ ကျင်းပခဲ့ပါတယ်။ အဲဒီ ရှင်းလင်းပွဲမှာ CIESF မှ Assistant Chairperson Mr. Satoshi Mitsuauri က CIESF ဟာ ကမ္ဘောဒီးယားနိုင်ငံမှာ business နဲ့ပတ်သက်တဲ့ ပြိုင်ပွဲတစ်ခုကို ပြုလုပ်ခဲ့ပြီး၊ IT နဲ့ပတ်သက်တဲ့ပြိုင်ပွဲကိုတော့ ယခုတစ်ကြိမ် မြန်မာနိုင်ငံတွင်မှ ပထမဆုံးပြုလုပ်တာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

စာနယ်ဇင်းရှင်းလင်းပွဲမှာ MCF မှ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဆရာမ ဒေါ်သန်းသန်းတင်နဲ့ MCF မှ Director Dr. ဒေါ်မြင့်မြင့်သန်း ၊ MCF မှ အလုပ်အမှုဆောင်များ ဖြစ်ကြတဲ့ ဦးဇော်မင်းဦး၊ ဦးထွန်းခိုင်၊ ဦးမြင့်သူတို့အပြင် မန်နေဂျာ ဒေါ်တင်အေးကြွယ်တို့ တက်ရောက်ခဲ့ပြီး စာနယ်ဇင်းများမှ မေးမြန်းချက်များကို သေချာစွာ ရှင်းလင်းဖြေကြားပေးခဲ့ကြပါတယ်။

ဒီပြိုင်ပွဲကို MCF အနေနဲ့ CIESF နဲ့ ပူးပေါင်းပြုလုပ်တာဟာ မြန်မာ–ဂျပန် ၂ နိုင်ငံ ပိုမိုချစ်ကြည်ရင်းနှီးစေဖို့၊ မြန်မာလူငယ်တွေအနေနဲ့ ICT industry မှာ တက်တက်ကြွကြွ စိတ်ဝင်စားစွာ ပိုမိုပူးပေါင်းပါဝင်လာစေဖို့၊ အထူးသဖြင့် mobile telecommunication နဲ့ပတ်သက်တဲ့ တိုးတက်ပြောင်းလဲနေတဲ့ နည်းပညာရဲ့ တီထွင်ဆန်းသစ်မှုတွေကို ပိုမို နားလည်လာစေဖို့၊ ဒီလို ပြိုင်ပွဲတွေ ပြုလုပ်တဲ့အတွက်ကြောင့် လူငယ်လူရွယ်တွေရဲ့ အရည်အသွေးကိုလည်းဖော်ပြနိုင်ပြီး ပြည်ပက ရင်းနှီးမြှုပ်နှံမှုတွေအတွက်လည်း အထောက်အပံ့ဖြစ်စေဖို့နဲ့ ထူးချွန်ထက်မြက်တဲ့ မြန်မာလူငယ်တွေအတွက် ICT industry မှာ အလားအလာကောင်းတွေ ပေါ်ထွက်လာစေဖို့ စတဲ့ ရည်ရွယ်ချက်တွေနဲ့ ပြုလုပ်တာဖြစ်တယ်လို့ သိရပါတယ်။

ဒီ IT business plan ပြိုင်ပွဲမှာ mobile application ခေါင်းစဉ်ဖြစ်ပြီး အဲဒီမှာမှ Tele-medicine ၊ Tele-education နဲ့ Tele-Social Network ဆိုပြီး ခေါင်းစဉ်ခွဲ ၃ ခု ပါရှိပါတယ်။ ပြိုင်ပွဲဝင်တဲ့သူတွေအနေနဲ့ ကိုယ်နှစ်သက်တဲ့ ခေါင်းစဉ်ခွဲတစ်ခုကို ရွေးချယ်ကာ ဝင်ရောက်ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲဟာ ပညာအရည်အချင်းနဲ့ တခြားကန့်သတ်ချက်တွေမရှိဘဲ မြန်မာနိုင်ငံသား ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတွေကို MCF ရုံးခန်းမှာ ရုံးချိန်အတွင်း ရယူနိုင်တယ်လို့လည်း သိရပါတယ်။

IT business plan ပြိုင်ပွဲဟာ mobile telecommunication ကို အခြေခံတယ်ဆိုပေမယ့်လည်း mobile technology ကို သိတဲ့သူမှ မဟုတ်ပါဘူး၊ mobile နဲ့ပတ်သက်ပြီး business idea ရှိတဲ့ ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်တယ်လို့ သိရပါတယ်။ CIESF ရဲ့ MCF နဲ့အတူပူးပေါင်းပြုလုပ်တဲ့ IT business plan ပြိုင်ပွဲဟာ mobile ပေါ်မှာ IT business တစ်ခု ဘယ်လိုလုပ်မလဲဆိုတာကို အဓိကထားပြုလုပ်တဲ့ ပြိုင်ပွဲတစ်ခု ဖြစ်ပါတယ်။ ဒါကြောင့် idea ရှိပြီး investment မလုပ်နိုင်သူတွေအတွက် အခွင့်အရေးကောင်းတစ်ခုအဖြစ် ဆိုနိုင်တယ်လို့လည်း သိရပါတယ်။

ပြိုင်ပွဲဝင်တွေရဲ့ application form နဲ့အတူတွဲတင်တဲ့ project proposal ကိုကြည့်ကာ ပထမဆင့်ရွေးချယ်မှုပြုလုပ်မှာဖြစ်ပါတယ်။ အဲဒီ ပထမအဆင့်ရွေးချယ်မှုမှာ အရွေးချယ်ခံရသူတွေကို mobile application နဲ့ဆိုင်တဲ့ daily course ကို ဂျပန်နိုင်ငံမှ တစ်ပတ်တိတိလာရောက်သင်တန်းပေးမှာဖြစ်ပြီး သင်တန်းပြီးဆုံးရင် မိမိတို့ရဲ့ project တွေကို ပြန်လည်မွမ်းမံပြင်ဆင်ကာ ထပ်မံ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။ အဲဒီအထဲမှာမှ နောက်ဆုံးအဆင့် ရွေးချယ် ဆုပေးသွားမှာပါ။

Application form တွေကို စက်တင်ဘာလ ၃ ရက်နေ့ နောက်ဆုံးထားပြီး MCF ရုံးခန်းကို ပေးပို့ရမှာဖြစ်တယ်လို့ သိရပါတယ်။ စက်တင်ဘာလ ၁၁ ရက်နေ့မှာတော့ ပထမအဆင့် ရွေးချယ်ခံရသူတွေကို ကြေငြာပေးမှာဖြစ်ပြီး စက်တင်ဘာလ ၁၉ ရက်နေ့ကနေ ၂၃ ရက်နေ့အထိ training ပေးမှာဖြစ်ကာ final project ကို အောက်တိုဘာလ ၁၃ ရက်နေ့နောက်ဆုံး ပြန်လည်တင်သွင်းရမှာဖြစ်တယ်လို့ သိရပါတယ်။ အောက်တိုဘာလ ၁၆ ရက်နေ့မှာတော့ ဆုရရှိသူကို ကြေငြာပေးမှာဖြစ်ကာ ၂၀ ရက်နေ့မှာတော့ ဆုပေးအပ်ပွဲကို ပြုလုပ်မှာ ဖြစ်တယ်လို့လည်း သိရပါတယ်။ IT business plan ပြိုင်ပွဲနဲ့ပတ်သက်လို့ အသေးစိတ်သိချင်ရင်တော့ ၆၅၂၃၀၇ ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်တယ်လို့ သိရပါတယ်။ ■

# Epson ရဲ့ inkjet printer သစ်များ မိတ်ဆက်ပွဲ








ဇူလိုင်လ ၂၉ ရက်နေ့က Park Royal hotel မှာ Epson ရဲ့ World first original ink tank system press launch ကို ပြုလုပ်ခဲ့ပါတယ်။ Epson ဟာ ကမ္ဘာ့ပထမဆုံး intergrated ink tank စနစ်အသုံးပြုတဲ့ Epson inkjet printer ၂ မျိုးဖြစ်တဲ့ Epson L100 ၊ L200 all-in-one နဲ့ laser printer အစားထိုး inkjet printer K 100 monocrome တို့ကို မိတ်ဆက်ပေးခဲ့တာ ဖြစ်ပါတယ်။ Epson L 100 ၊ L 200 all-in-one model တွေဟာ ကမ္ဘာ့ပထမဦးဆုံး ကိုယ်ပိုင်အမှတ်တံဆိပ်ပါ ink tank စနစ်သုံး printer တွေလည်း ဖြစ်ပြီး မင်ကုန်သွားရင် မင်ဘူး အသစ်ထပ်မံဝယ်စရာမလိုဘဲ မင်အရည်ထပ်ဖြည့် အသုံးပြုနိုင်တဲ့ printer တွေ ဖြစ်ပါတယ်။ အဲဒီ printer တွေမှာ အဖြူအမည်း စာမျက်နှာ ၄ ထောင်ကို print ထုတ်နိုင်တဲ့ 700ml အနက်ရောင်မင်ဘူးပါဝင်ပြီး color စာမျက်နှာ ၆,၅၀၀ ကို print ထုတ်ပေးနိုင်တဲ့ 700ml color မင်ဘူး ၃ ခုလည်း ပါဝင်ပါတယ်။ ပြီးတော့ printer တိုင်းအတွက် အနက်ရောင်မင်ဘူး ၂ ဘူး အပိုထည့်ပေးထားတယ်လို့ သိရပါတယ်။

Epson L 100 နဲ့ Epson L 200 တို့မှာ Epson Micro Piezo™ print head ကို တပ်ဆင်ပေးထားတဲ့အတွက် print ပုံရိပ်ပြတ်သားမှုရှိပြီး အမြင့်ဆုံး resolution 5760×1440 dpi အထိ print ထုတ်လုပ်ပေးနိုင်တယ်လို့ သိရပါတယ်။ ဒါ့ပြင် printer တွေမှာ အသုံးပြုထားတဲ့ droplet technology (VSDT) နည်းပညာဟာ print head မှ မင်စက်အရွယ်အစား ၃ မျိုးကို ထုတ်ပေးနိုင်တာကြောင့် ဓာတ်ပုံကို အသေးစိတ် ပုံဖော်ပေးနိုင်ပြီး ပုံရဲ့အနုစိတ်ကို ပေါ်လွင်စေတယ်လို့ သိရပါတယ်။

Epson K 100 printer တွေဟာ Epson ရဲ့ နည်းပညာမြင့် Micro Piezo print head ကို အသုံးပြုထားတာကြောင့် printer သက်တမ်းကြာရှည်ခံကာ laser printer တွေထက် power စွမ်းအင်သုံးစွဲမှုကလည်း နည်းပါးတာမို့ power အတွက် ကုန်ကျစရိတ် သက်သာစေတယ်လို့ သိရပါတယ်။ အသေးစိတ်စုံစမ်းချင်ရင်တော့ Client Focus Technology Group ၊ ဖုန်း ၉၅၉-၅၀၂၁၄၅၆ ကို ဆက်သွယ်စုံစမ်းနိုင်တယ်လို့ သိရပါတယ်။ ■

# Acer ရဲ့ ဆုပေးအပ်ပွဲ








မေလ ၂၀ မှ ၂၂ အတွင်း တပ်မတော်ခန်းမမှာ ကျင်းပခဲ့တဲ့ The 7th Exhibitinon တွင် Acer notebook ၊ desktop ဝယ်ယူ ခဲ့တဲ့ ၂၀၁၀–၂၀၁၁ တက္ကသိုလ်ဝင်ခွင့် ဖြေဆိုထားတဲ့ ကျောင်းသား၊ ကျောင်းသူတွေထဲက One\Two distinction နဲ့ အောင်မြင်ခဲ့ပါက ဝယ်ယူထားတဲ့တန်ဖိုးငွေရဲ့ ၅ ရာခိုင်နှုန်း၊ Three distinction နဲ့ အောင်မြင်ခဲ့ရင် ဝယ်ယူထားတဲ့ တန်ဖိုးငွေ ရဲ့ ၁၀ ရာခိုင်နှုန်း၊ Four Distinction နဲ့ အောင်မြင်ခဲ့ပါက ဝယ်ယူထားတဲ့ တန်ဖိုးငွေ ရဲ့ ၁၅ ရာခိုင်နှုန်းကို ၊ Five Distinction နဲ့ အောင်မြင်ခဲ့ပါက ဝယ်ယူထားတဲ့ တန်ဖိုးငွေရဲ့ ၂၀ ရာခိုင်နှုန်း ကိုလည်းကောင်း၊ Six Distinction (All D) နဲ့ အောင်မြင်ခဲ့ပါက ဝယ်ယူထားတဲ့ တန်ဖိုးငွေရဲ့ ၃၀ ရာခိုင်နှုန်း ကိုလည်းကောင်း ကြိုးစားမှုအတွက် ဆုကြေးငွေအဖြစ် ရွှေလမင်းနဂါးကုမ္ပဏီက ပေးခဲ့ပါတယ်။

မေလ 7th ICT Exhibition တွင် ပြုလုပ်ခဲ့တဲ့ student challenging opportunities တွင် ဝင်ရောက်ဆင်နွှဲခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေ ဆုချီးမြှင့်ပွဲကို ၆ ရက် ဩဂုတ်လ နေ့လည် ၁ နာရီခန့်တွင် မော်တင်ရှိ ရွှေလမင်းနဂါးကုမ္ပဏီရဲ့ Showroom တွင် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဝင်ရောက်ဆင်နွှဲသူတွေထဲက 6D ၂ ယောက်၊ 5D ၄ ယောက်၊ 4D ၂ ယောက်၊ 3D ၃ ယောက်၊ 1D ၂ ယောက် စုစုပေါင်း ၁၄ ယောက် ရရှိခဲ့ပါတယ်။

ဆုရရှိသူတွေကို ရွှေလမင်းနဂါးမှ တာဝန်ရှိသူတွေက ဆုချီးမြှင့်ပေးခဲ့ပါတယ်။ ၂၀၁၁–၂၀၁၂ တက္ကသိုလ်ဝင်ခွင့် စာမေးပွဲမှာလည်း ထပ်မံပြုလုပ်သွားမှာဖြစ်ပြီး ပါဝင်ဆင်နွှဲချင်သူ ကျောင်းသား၊ ကျောင်းသူတွေအားလုံးကိုလည်း ဖိတ်ခေါ်ကြောင်း သိရပါတယ်။

# IBiz Service Provider ရဲ့ OMyanmar online shopping mall

IBizမှ လက်ရှိအချိန်မှာ အကိုက်ညီဆုံး internetပေါ်က အရောင်းအဝယ်ပြုလုပ်နိုင်တဲ့ စနစ်တစ်ခုကို လုပ်ငန်းရှင်တွေနဲ့ အများပြည်သူတွေ ထိတွေ့ခံစားနိုင်စေဖို့နဲ့ မြန်မာနိုင်ငံရဲ့ e-commerceစနစ်လည်ပတ်တာနဲ့တစ်ပြိုင်နက် အရှိန်အဟုန်တိုးတက်စေဖို့ရည်ရွယ်ပြီး Online Shopping Mall ကို စတင်ခဲ့ပါတယ်။ Website လိပ်စာမှာ www.omyanmar.com ဖြစ်ပြီး Discount Corner ၊ Whole Sale Pricing ၊ Feature items ၊ Feature Banner ၊ New items ၊ BestSelling ၊ Store's discount shop ၊ Online Marketing Feature ၊ Review နဲ့ Tell afriend စတဲ့ feature တွေပါဝင်ပါတယ်။ Secure Online Payment ၊ Delivery System ၊ Internet Policy များဖွံ့ဖြိုးလာတဲ့ အချိန်မှာ အသင့်ရှိနေမယ့် e-commerce siteတစ်ခုဖြစ်သလို လုပ်ငန်းရှင်တွေအနေနဲ့လည်း ကုန်ပစ္စည်းတွေကို နေရာဒေသမရွေး customerနဲ့ထိတွေ့ရောင်းဝယ်နိုင်ခြင်း ၊ စရိတ်များသက်သာခြင်း ၊ ဈေးကွက်ပိုမိုကျယ်ပြန့်ခြင်း စတဲ့အကျိုးကျေးဇူးတွေရရှိလာနိုင်မှာဖြစ်တယ်လို့ သိရပါတယ်။

# MRTV-4 ရဲ့ ၇ နှစ်ပြည့် အခမ်းအနား













MRTV-4 (၇) နှစ်ပြည့် အခမ်းအနားအဖြစ် ရုပ်သံမီဒီယာပြပွဲကို ဇူလိုင် ၂၉ ရက်ကနေ ဩဂုတ်လ ၁ ရက်နေ့အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမမှာ ကျင်းပခဲ့ပါတယ်။ ပြပွဲမှာ MRTV-4 ရဲ့ (၇) နှစ်ပြည့် အခမ်းအနားနဲ့အတူ MRTV-4 ဆက်စပ် ရုပ်သံလိုင်းတွေဖြစ်တဲ့ For Sports ၊ For Info ၊ For Tune ၊ For Comedy ၊ For Edu ၊ For Choice စတဲ့ For Channel ၆ ခုနဲ့ ရုပ်သံမီဒီယာပြပွဲတွေကို ပြသခဲ့ပါတယ်။ လာရောက်သူတွေ အသိပညာ၊ ဗဟုသုတနဲ့ ဖျော်ဖြေရေးကဏ္ဍတွေ စုံလင်စွာ ရရှိစေဖို့ရည်ရွယ်ပြီး For Sports ရုပ်သံလိုင်းမှ အားကစားပညာရှင်တွေက လက်တွေ့သရုပ်ပြကစားတဲ့ ကစားနည်းပြပွဲတွေ၊ game ကစားနည်းတွေ၊ For Info ပြခန်းမှာ သက်ဆိုင်ရာနယ်ပယ်အလိုက် ပညာရှင်တွေမှ ပရိသတ်နဲ့ ပါဝင်ဟောပြောဆွေးနွေးတဲ့ Talk Show အစီအစဉ်၊ Info Quiz အစီအစဉ်နဲ့ သတင်းတင်ဆက်သူပြိုင်ပွဲ အစီအစဉ်၊ For Tune ပြခန်းမှာ ဂီတပညာရှင်တွေကို မြေတောင်မြှောက်ပေးတဲ့ ဂီတအစီအစဉ်၊ ဂီတပညာရှင်တွေ အမှတ်တရ လက်မှတ်ရေးထိုးပွဲ စတဲ့ အစီအစဉ်တွေ တင်ဆက်ခဲ့ပါတယ်။ For Comedy ပြခန်းမှာလည်း မျက်လှည့်ဟာသတွေကို စီစဉ်တင်ဆက်ပေးနေတဲ့ Mr.Top နဲ့ ဟာသလူရွှင်တော်တွေရဲ့ ဟာသအစီအစဉ်တွေ ပါဝင်သလို ကလေးတွေအတွက် ဂျူရုပ်တွေ၊ ရုပ်ပြောင်ပန်းချီတွေ၊ game ကစားနည်းတွေ စတဲ့ အစီအစဉ်တွေကို စီစဉ်ပေးခဲ့တဲ့ For EDU အစီအစဉ်၊ For Choice ပြခန်းကို လာရောက်တဲ့ ပရိသတ်တွေကို မိတ်ကပ်ပညာရှင်တွေနဲ့ ဓာတ်ပုံပညာရှင်တွေ ပူးပေါင်းဖန်တီးကာ စီစဉ်ပေးတဲ့ Who is Photogenic အစီအစဉ်တွေ စတဲ့ အစီအစဉ်တွေ တင်ဆက်ခဲ့တာ တွေ့ရပါတယ်။

ဒါ့ပြင် MRTV-4 ရုပ်သံလိုင်းမှာ ပြသနေတဲ့ အစီအစဉ်တွေဖြစ်တဲ့ Kid's Show ၊ စကားနပန်း၊ သွားမယ် စားမယ်၊ Champion Of Dance Quiz Ido ၊ Sunday Talk စတဲ့ အစီအစဉ်တွေနဲ့ media လုပ်ငန်းတွေ သင်ကြားပေးနေတဲ့ media အခမဲ့သင်တန်း MMTC ၊ မြန်မာပြည်ရဲ့ ရုပ်သံအလေ့အထစစ်တမ်း MMRD တို့မှာလည်း ဖျော်ဖြေရေး၊ ပညာရေးနဲ့ game အစီအစဉ်တွေ တင်ဆက်ခဲ့ပါတယ်။ ဒါ့ပြင် MRTV-4 နဲ့ ဆက်စပ်ရုပ်သံလိုင်းတွေကို ဖမ်းယူကြည့်ရှုနိုင်မယ့် Receiver တွေ၊ HD Receiver နဲ့ Channel line တွေကို အထူးဈေးနှုန်းတွေနဲ့ ရောင်းချခဲ့သလို Sony အမှတ်တံဆိပ်ပစ္စည်းတွေဖြစ်တဲ့ LED ၊ LCD TV တွေ၊ digital camera တွေ စတဲ့ ပစ္စည်းတွေကိုလည်း အထူးလျှော့ဈေးတွေနဲ့ ရောင်းချခဲ့ကြောင်း သိရပါတယ်။

ပြပွဲရက်အတွင်း လာရောက်ကြည့်ရှုတဲ့ ဦးရေဟာ ၃၀၀,၀၀၀ နီးပါးခန့်ရှိခဲ့တယ်လို့ တပ်မတော်ခန်းမမှ တာဝန်ရှိသူတွေရဲ့ စစ်တမ်းအရသိရပြီး MRTV-4 ရုပ်သံလိုင်းဟာ ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့တာဖြစ်ကြောင်း သိရပါတယ်။

# Power Tree UPS ရွှေဆွဲပြားကံထူးရှင် ရွေးချယ်ပွဲ










DCD Company Limited မှ Power Tree UPS ဝယ်ယူ သုံးစွဲခဲ့တဲ့ customer တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ရွှေဆွဲပြားကံစမ်းမဲ ဖောက်ပေးခြင်း၊ အရောင်းကိုယ်စားလှယ်တွေကို ဆုချီးမြှင့်ခြင်း အခမ်းအနားကို Traders hotel မှာ ဩဂုတ်လ ၆ ရက်နေ့က ကျင်းပ ပြုလုပ်ခဲ့ပါတယ်။ အဲဒီပွဲမှာ DCD Company Limited ရဲ့ Managing director ဒေါ်တင်တင်အေးက Power Tree UPS ရဲ့ အရည်အသွေးပိုင်း၊ ဝန်ဆောင်မှုပိုင်းနဲ့ပတ်သက်လို့ ရှင်းလင်းပြောကြားခဲ့ပြီး အဲဒီနောက် Power Tree UPS ဝယ်ယူခဲ့သူတွေထဲက ရွှေဆွဲပြားကံထူးရှင် ၁၀ ဦးကို တက်ရောက်လာတဲ့ စာနယ်ဇင်းတွေက မဲနှိုက်ရွေးချယ်ပေးခဲ့ပါတယ်။ ဒါ့ပြင် ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ် ၅ ဦးကို အမှတ်တရ လက်ဆောင်တွေ ပေးအပ်ချီးမြှင့်ခဲ့ပြီး အထူးဈေးနှုန်းဖြင့် အများဆုံးဝယ်ယူခဲ့ကြတဲ့ အရောင်းကိုယ်စားလှယ်တွေကိုလည်း အမှတ်တရလက်ဆောင်တွေ ပေးအပ်ချီးမြှင့်ခဲ့တယ်လို့ သိရပါတယ်။

Power Tree UPS တွေမှာ မီးအား မမှန်တာ၊ မီးအားဆောင့်တက်တာတွေကြောင့်ဖြစ်ဖြစ်၊ မိုးကြိုးပစ်တာဖြစ်ဖြစ်စတဲ့ ပျက်စီးမှုတွေဖြစ်ခဲ့ရင် ဘယ်လိုအကြောင်းကြောင့် ပျက်ပျက် တစ်လုံးပျက်ရင်တစ်လုံး အစားထိုးလဲလှယ်ပေးတဲ့ service program နဲ့ ရောင်းချပေးနေတယ်လို့သိရပါတယ်။ အသေးစိတ်သိရှိလိုပါက DCD၊ ဖုန်း ၂၉၆၅၇၆၊ ၂၉၇၃၃၂၊ ၂၉၁၈၃၀ ဆက်သွယ်စုံ စမ်းနိုင်ကြောင်း သိရပါတယ်။

# Online မှတစ်ဆင့် phone bill ဆောင်ခြင်းမိတ်ဆက်ပွဲ အခမ်းအနား

Online phone billing system မိတ်ဆက်ပွဲကို ဩဂုတ်လ ၁၅ ရက်နေ့က မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ (၁)မှာ ပြုလုပ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) သုတေသန၊ လေ့ကျင့်ရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန အထွေထွေမန်နေဂျာ ဦးလှမြင့်အောင်မှ မိတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာ့စီးပွားရေးဘဏ်ရဲ့ online phone billing system ကို ရန်ကုန်တိုင်းဒေသကြီး တိုင်းမန်နေဂျာ ဦးတင်ဇော်လေးမှ ရှင်းလင်းတင်ပြခဲ့ပါတယ်။ Online phone billing system ဟာ ရတနာပုံ web portal မှ အချက်အလက်မှတ်တမ်းတွေရယူကာ online ကတစ်ဆင့် ပေးချေဆောင်ရွယ်မယ့် စနစ်တစ်ခုဖြစ်ပြီး phone bill ပေးဆောင်နိုင်တဲ့ phone အမျိုးအစားတွေကတော့ cellular ၊ GSM ၊ CDMA-450MHz တို့ဖြစ်ကာ ငွေသားနဲ့ပေးချေတာ၊ standing instruction အရ ပေးချေတာတို့ ပြုလုပ်နိုင်တယ်လို့ သိရပါတယ်။ ဝန်ဆောင်ခအနေနဲ့ phone တစ်လုံးစီ ကို တစ်ကြိမ် phone bill ပေးဆောင်ရင် ၅၀၀ ကျပ်နှုန်း ကောက်ခံသွားမယ်လို့လည်း သိရပါတယ်။